STATISTICAL BULLETIN

# ပြည်သူ့လွှတ်တော်ရုံး
# သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၃ ရက်

# COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

ကမ္ဘာနှင့်မြန်မာတွင် COVID-19 ကပ်ရောဂါဖြစ်ပွားမှုအခြေအနေ Data အချက်အလက်များအား Statistical Bulletin စာတမ်းတိုဖြင့် တစ်လတစ်ကြိမ် ထုတ်ဝေလျက်ရှိရာ ယခုစာစောင်သည် ဆဋ္ဌမမြောက်စာတမ်းတိုဖြစ်ပါသည်။ ၎င်းစာတမ်းတိုတွင် ၂၁-၉-၂၀၂၀ ရက်နေ့အထိ အချက်အလက်များအား ဖော်ပြထားပါသည်။

ယခုစာတမ်းတို၌ မြန်မာနိုင်ငံတွင် ပြန်လည်ဖြစ်ပွားမှု၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း (၃) နိုင်ငံတို့တွင် ဖြစ်ပွားမှု၊ အာဆီယံနိုင်ငံ (၁၀) နိုင်ငံတွင် ဖြစ်ပွားမှု၊ ကမ္ဘာ့အဖြစ်အများဆုံး၊ သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ၏ အတက်အကျအပြောင်းအလဲ၊ ရောဂါပြန်လည်ဖြစ်ပွားလာမှုနှင့် ကင်းစင်လာသောနိုင်ငံများ၏အခြေအနေများအား တင်ပြထားပါသည်။

Statistical Bulletin အမှတ်စဉ် - (၂၃)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | မြန်မာနိုင်ငံ၏ဓာတ်ခွဲစစ်ဆေးမှုနှင့်ပိုးတွေ့ရှိမှုအခြေအနေ (၁၇-၈-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ) | ၄ |
| ၃။ | မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်လိုက်ပိုးတွေ့ရှိမှုအခြေအနေ | ၅ |
| ၄။ | မြန်မာနိုင်ငံ၏ပိုးတွေ့ရှိမှုရာခိုင်နှုန်း (၂၁-၉-၂၀၂၀ ထိ) | ၆ |
| ၅။ | မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှု | ၇ |
| ၆။ | အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ထိ) | ၈ |
| ၇။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ | ၉ |
| ၈။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေ (၁-၁-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ) | ၁၀ |
| ၉။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်သေဆုံးမှုအခြေအနေ (၁-၁-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ) | ၁၁ |
| ၁၀။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ | ၁၂ |
| ၁၁။ | ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ထိ) | ၁၃ |
| ၁၂။ | ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ (၁၇-၈-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ) | ၁၄ |
| ၁၃။ | ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်နိုင်ငံများ(စတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ထိ) | ၁၅ |
| ၁၄။ | နိဂုံး | ၁၆ |

**နိဒါန်း**


COVID-19 ရောဂါကူးစက်မှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြင့် ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိနေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့တွင်အစပြုခဲ့သော ကိုရိုနာဗိုင်းရပ်ရောဂါဖြစ်ပွားမှုအား ၃၀-၁-၂၀၂၀ ရက်နေ့တွင် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency Concern) အဖြစ်လည်းကောင်း၊ ၂၇-၂-၂၀၂၀ ရက်နေ့ တွင် ရောဂါကူးစက်ပျံ့နှံ့နိုင်မှုနှုန်းအပေါ်မူတည်၍ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် အလွန်မြင့်မားကြောင်း (Very High) အဖြစ်လည်းကောင်း၊ ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၃-၃-၂၀၂၀ ရက်နေ့မှစ၍ ဓာတ်ခွဲအတည်ပြုလူနာ (၂) ဦး စတင်တွေ့ရှိခဲ့ရာမှစ၍ ၂၁-၉-၂၀၂၀ ရက်နေ့ထိ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅,၈၀၅) ဦး၊ ပြန်လည်ကောင်းမွန်လာသူ (၁,၄၄၅) ဦးနှင့် သေဆုံးသူ (၉၇) ဦးရှိကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းကူးစက်မှုမရှိခဲ့သည်မှာ တစ်လကျော်ကြာခဲ့ပြီး ဩဂုတ်လ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ရောဂါပိုးရှိသူနှင့်ထိတွေ့မှုမရှိ၊ နိုင်ငံခြားပြန်မဟုတ်သည့်လူနာတွင် ရောဂါပိုးကို စတင်တွေ့ရှိခဲ့ရာမှ ပြည်တွင်းကူးစက်မှုဒုတိယလှိုင်းစတင်ခဲ့ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ရန်ကုန်တိုင်းဒေသကြီး၌ ပိုးတွေ့ရှိမှုအများဆုံးဖြစ်ပြီး ကူးစက်မှုမရှိသေးသည့် တစ်ခုထဲသောပြည်နယ်မှာ ကယားပြည်နယ်ဖြစ်သည်ကို တွေ့ရှိရပါသည်။

## မြန်မာနိုင်ငံ၏ဓာတ်ခွဲစစ်ဆေးမှုနှင့်ပိုးတွေ့ရှိမှုအခြေအနေ (၁၇-၈-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ)

၁၇-၈-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၏ဓာတ်ခွဲစစ်ဆေးမှုနှင့်ပိုးတွေ့ရှိမှုအခြေအနေကို Line Chart ဖြင့် တင်ပြထားပါသည်-

**မြန်မာနိုင်ငံ၏ဓာတ်ခွဲစစ်ဆေးမှုနှင့် ပိုးတွေ့ရှိမှုအခြေအနေ (၁၇-၈-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ)**




Source: Ministry of Health and Sports (Myanmar)

၁၇-၈-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှုကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် (၆၆၆) ဦးဖြင့် ရောဂါကူးစက်မှု အမြင့်ဆုံးဖြစ်ခဲ့သည်ကို တွေ့ရှိရပြီး ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်းတွင် ပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၆.၄၃ ရာခိုင်နှုန်းရှိပါသည်။

**မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ပိုးတွေ့ရှိမှုအခြေအနေ (၂၃-၃-၂၀၂၀ မှ ၂၁-၉-၂၀၂၀ နံနက် (၇) နာရီအထိ)**

၂၃-၃-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့ နံနက် (၇) နာရီအထိ မြန်မာနိုင်ငံ တိုင်းဒေသကြီး နှင့်ပြည်နယ်အလိုက် ပိုးတွေ့ရှိမှုအားလုံးနှင့်သေဆုံးမှုအားလုံး၏ရာခိုင်နှုန်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပိုးတွေ့သူ ဦးရေ | ပိုးတွေ့သူ အားလုံး၏ ရာခိုင်နှုန်း | သေဆုံးသူ ဦးရေ | သေဆုံးသူ အားလုံး၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ၃၉၇၃ | ၆၈.၄၄ | ၉၂ | ၉၄.၈ |
| ၂။ | ရခိုင်ပြည်နယ် | ၉၈၁ | ၁၆.၉၁ | ၁ | ၁.၀၃ |
| ၃။ | မွန်ပြည်နယ် | ၁၅၈ | ၂.၇၂ | - | - |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၁၆၅ | ၂.၈၄ | ၁ | ၁.၀၃ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၅၆ | ၂.၆၉ | ၁ | ၁.၀၃ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၁ | ၂.၂၆ | - | - |
| ၇။ | နေပြည်တော် | ၇၇ | ၁.၃၃ | ၂ | ၂.၀၆ |
| ၈။ | ကရင်ပြည်နယ် | ၃၆ | ၀.၆၂ | - | - |
| ၉။ | မကွေးတိုင်းဒေသကြီး | ၂၈ | ၀.၄၈ | - | - |
| ၁၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၅ | ၀.၄၃ | - | - |
| ၁၁။ | ချင်းပြည်နယ် | ၂၁ | ၀.၃၆ | - | - |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ၂၀ | ၀.၃၄ | - | - |
| ၁၃။ | ရှမ်းပြည်နယ် | ၂၀ | ၀.၃၄ | - | - |
| ၁၄။ | ကချင်ပြည်နယ် | ၁၄ | ၀.၂၄ | - | - |
| **စုစုပေါင်း** | | **၅၈၀၅** | **၁၀၀** | **၉၇** | **၁၀၀** |

## မြန်မာနိုင်ငံ၏ပိုးတွေ့ရှိမှုရာခိုင်နှုန်း

ဩဂုတ်လ ၁၆ ရက်နေ့အထိနှင့် ၁၇-၉-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့ထိ မြန်မာနိုင်ငံ၏ ပိုးတွေ့ရှိမှုရာခိုင်နှုန်းကို အောက်ပါအတိုင်းနှိုင်းယှဉ်ဖော်ပြထားပါသည်-

| ဩဂုတ်လ ၁၆ ရက်နေ့အထိ | | ၁၇-၉-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ | |
|---|---|---|---|
| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ၁၃,၆၁၅၃ ဦး | ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ၈၈,၂၃၀ ဦး |
| ပိုးတွေ့ရှိသူ | ၃၇၅ ဦး | ပိုးတွေ့ရှိသူ | ၅၄၃၀ ဦး |
| သေဆုံးသူ | ၆ ဦး | သေဆုံးသူ | ၉၁ ဦး |
| ပိုးတွေ့ရှိသူများတွင် သေဆုံးမှုရာခိုင်နှုန်း | ၁.၆ % | ပိုးတွေ့ရှိသူများတွင် သေဆုံးမှုရာခိုင်နှုန်း | ၁.၇ % |
| တစ်ရက်ပျမ်းမျှပိုးတွေ့မှု | ၃ ဦး | တစ်ရက်ပျမ်းမျှပိုးတွေ့မှု | ၁၄၇ ဦး |
| စောင့်ကြည့်လူနာများတွင် ပိုးတွေ့ရှိမှုနှုန်း | ၀.၈၃ % | စောင့်ကြည့်လူနာများတွင် ပိုးတွေ့ရှိမှုနှုန်း | ၃၆.၉၃ % |
| အသွားအလာကန့်သတ်ထားရှိ သူများတွင် ပိုးတွေ့ရှိမှုနှုန်း | ၀.၁၆ % | အသွားအလာကန့်သတ်ထားရှိ သူများတွင် ပိုးတွေ့ရှိမှုနှုန်း | ၁.၈၃ % |
| ပိုးတွေ့လူနာဖြင့်အနီးကပ် ထိတွေ့သူ ပိုးတွေ့ရှိမှုနှုန်း | ၃.၀၇ % | ပိုးတွေ့လူနာဖြင့်အနီးကပ် ထိတွေ့သူ ပိုးတွေ့ရှိမှုနှုန်း | ၂၆.၁၉% |
| တစ်နိုင်ငံလုံးဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်းတွင်ပိုးတွေ့ရှိမှုရာခိုင်နှုန်း | ၀.၂၈ % | တစ်နိုင်ငံလုံးဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်းတွင်ပိုးတွေ့ရှိမှုရာခိုင်နှုန်း | ၆.၁၅ %[1] |

မြန်မာနိုင်ငံရှိ မြို့နယ် ၃၃၀ တွင် ရောဂါကူးစက်ခံရသည့်မြို့နယ် ၁၉၃ ထိရှိပြီး ကူးစက်မှုအများဆုံးမြို့နယ်မှာ စစ်တွေမြို့နယ်ဖြစ်ပြီး ဒုတိယကူးစက်မှုအများဆုံးမြို့နယ်မှာ သဃ်န်းကျွန်းမြို့နယ်ဖြစ်ပါသည်။

---

[1] COVID-19 ရောဂါဖြစ်ပွားမှုခြုံငုံသုံးသပ်မှုအခြေအနေ (၁၇-၈-၂၀၂၀ ရက်နေ့) နှင့် COVID-19 ရောဂါဖြစ်ပွားမှုခြုံငုံသုံးသပ်မှုအခြေအနေ (၂၁-၉-၂၀၂၀ ရက်နေ့) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ရရှိပါသည်။

**မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှု**

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှုအခြေအနေများကို Bar Chart ဖြင့်ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ရောဂါဖြစ်ပွားမှုအရေအတွက် | သေဆုံးမှုအရေအတွက် |
|---|---|---|---|
| ၁။ | အိန္ဒိယ | ၅,၅၆၀,၁၀၅ | ၈၈,၉၆၅ |
| ၂။ | ဘင်္ဂလားဒေ့ရှ် | ၃၅၀,၆၂၁ | ၄,၉၇၉ |
| ၃။ | တရုတ် | ၈၅,၂၉၁ | ၄,၆၃၄ [2] |

အိန္ဒိယနိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၂

အာရှတွင်ကူးစက်မှုအဆင့် = ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၁၅

အာရှတွင်ကူးစက်မှုအဆင့် = ၃

တရုတ်နိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၄၃

အာရှတွင်ကူးစက်မှုအဆင့် = ၁၆

မြန်မာနိုင်ငံတွင်

၂၅-၅-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ အိန္ဒိယပြန်ကိုဗစ်လူနာ = ၉၄ ဦး

၄-၆-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်ပြန်ကိုဗစ်လူနာ = ၁၇ ဦး

၁၁-၄-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ တရုတ်ပြန်ကိုဗစ်လူနာ = ၉ ဦး[3]


[2] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

[3] https://www.mohs.gov.mm/page/9914 မှ ရရှိပါသည်။

**အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ထိ)**

အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို Bar Chart ဖြင့် ဖော်ပြထားပါသည်-

**အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုအခြေအနေ**




**Source: https://www.worldometers.info/coronavirus/**


ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ရက်နေ့ထိ အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို လေ့လာကြည့်ခြင်းအားဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ရောဂါဖြစ်ပွားမှုတွင်အမြင့်ဆုံးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသည် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်နေသည်ကိုတွေ့ရှိ ရပါသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့်လာအိုနိုင်ငံတို့တွင် သေဆုံးမှုမရှိကြောင်းတွေ့ရှိရပါသည်။

ပဉ္စမအကြိမ်ထုတ်ဝေသောစာတမ်းတို့တွင် မြန်မာနိုင်ငံသည် အာဆီယံကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအဆင့် ၇ ရှိခဲ့ရာမှ ယခုဆဋ္ဌမအကြိမ်ပြုစုသောစာတမ်း ၂၁-၉-၂၀၂၀ ရက်နေ့ထိတွင် အဆင့် ၅ သို့ မြင့်တက်လာခဲ့ပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ရက်နေ့ထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေကို ဖော်ပြပါ bar Chart ဖြင့် တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**
**(စတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ထိ)**





Source: https://www.worldometers.info/coronavirus/

**ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေ (၁-၁-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ)**

ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေကို Line Chart ဖြင့်တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်း COVID-19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေ**





**https://ourworldindata.org/coronavirus-data**

၁-၁-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်ဖြစ်ပွားမှုမှာ ရက်အလိုက် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်သေဆုံးမှုအခြေအနေ (၁-၁-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ)

ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေကို Line Chart ဖြင့်တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်း COVID-19 နေ့စဉ်သေဆုံးမှုအခြေအနေ**





**https://ourworldindata.org/coronavirus-data**

၁-၁-၂၀၂၀ ရက်နေ့မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်သေဆုံးမှုမှာ စက်တင်ဘာလ ၂၀ ရက်နေ့နောက်ပိုင်းတွင် ပြန်လည်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ

ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ၏ အခြေအနေကို Bar Chart ဖြင့်တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါ ဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ**




Source: https://www.worldometers.info/coronavirus/


ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ရက်နေ့ထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံအနက် **အမေရိကန်နိုင်ငံ**သည် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ အဆိုးရွားဆုံးခံစားနေရသည့်နိုင်ငံ တစ်နိုင်ငံ ဖြစ်နေဆဲဖြစ်သည်ကိုတွေ့ရှိရပါသည်။

ယခင်အပတ်ထုတ်ဝေခဲ့သော ၁၆-၈-၂၀၂၀ ရက်နေ့ထိ ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ စာရင်းတွင် **ချီလီနိုင်ငံ**ပါဝင်ခဲ့ပါသည်။ ၂၁-၉-၂၀၂၀ ရက်နေ့ထိ ရောဂါဖြစ်ပွားမှု အများဆုံး (၁၀) နိုင်ငံစာရင်းတွင် **အာဂျင်တီးနားနိုင်ငံ** ပါဝင်လာပြီး **ချီလီနိုင်ငံ** ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကိုဗစ်-၁၉ ကူးစက်မှုအဆင့်တွင် ဘရာဇီးနိုင်ငံကိုကျော်တက်ကာ ဒုတိယနေရာ သို့ ရောက်ရှိလာခဲ့သော်လည်း တပ်ဂျ်မဟာကို စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်လျက်ရှိသည်ကို သိရှိရပါသည်။

**ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ထိ)**

ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို Bar Chart ဖြင့် တင်ပြထားပါသည်-

**ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ**




Source: World Health Organization, https://www.mohs.gov.mm/Main/content/publication/2019-ncov

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ရက်နေ့ထိ ကမ္ဘာ့ဒေသအသီးသီး၏ COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေသည် အမေရိကဒေသတွင် အမြင့်ဆုံးဖြစ်ပြီး အနောက်ပစိဖိတ်ဒေသတွင်အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အရှေ့တောင်အာရှဒေသတွင် ရောဂါဖြစ်ပွားမှုအခြေအနေမှာ တတိယနေရာမှ ဒုတိယနေရာသို့မြင့်တက်လာခဲ့ပါသည်။

**ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ (၁၇-၈-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ထိ)**

၁၇-၈-၂၀၂၀ မှ ၂၁-၉-၂၀၂၀ ကာလအထိ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ၏ဖြစ်ပွားမှုအခြေအနေကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ပြန်လည်ဖြစ်ပွား လာခြင်းအရေအတွက် | ထပ်မံသေဆုံးမှု |
|---|---|---|---|
| ၁။ | ဆန်မာရီနို | ၂၃ | - |
| ၂။ | စိန့်ကစ်နှင့်နီဗီစ် | ၂ | - |
| ၃။ | မန်ကျွန်း | ၃ | - |
| ၄။ | ကေမန်ကျွန်းစု | ၅ | ၁ |
| ၅။ | စိန့်လူစီယာ | ၂ | - |
| ၆။ | ဒိုမီနီကာ | ၆ | - [4] |

ယခင်ပဥ္စမအကြိမ်ထုတ်ဝေသော COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်စာတမ်းတိုတွင် ရောဂါကင်းစင်နိုင်ငံ (၁၂) နိုင်ငံအနက် ယခုလက်ရှိတွင် အထက် ဖော်ပြပါ (၆) နိုင်ငံမှာ ရောဂါပြန်လည်ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

[4] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်နိုင်ငံများ (စတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ထိ)**

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်လာသည့်နိုင်ငံ (၁၂) နိုင်ငံ၏အခြေအနေကို အောက်ပါအတိုင်းဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ရောဂါဖြစ်ပွားသူ | သေဆုံးသူ | ပြန်လည်ကောင်းမွန်သူ |
|---|---|---|---|---|
| ၁။ | မကာအို | ၄၆ | - | ၄၆ |
| ၂။ | နယူးကယ်လီဒိုးနီးယား | ၂၆ | - | ၂၆ |
| ၃။ | ဂရီနေဒါ | ၂၄ | - | ၂၄ |
| ၄။ | ဂရင်းလန်း | ၁၄ | - | ၁၄ |
| ၅။ | မွန်ဆာရတ် | ၁၃ | ၁ | ၁၂ |
| ၆။ | ဖော့ကလန်ကျွန်းစု | ၁၃ | - | ၁၃ |
| ၇။ | ဗာတီကန်စီးတီး | ၁၂ | - | ၁၂ |
| ၈။ | အန်ဂွီလာ | ၃ | - | ၃ [5] |

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၁-၉-၂၀၂၀ ကာလအထိ ကမ္ဘာတစ်ဝန်းရောဂါ ကင်းစင်နိုင်ငံ (၈) နိုင်ငံ ရှိသည်ကိုတွေ့ရှိရပါသည်။ ယင်း (၈) နိုင်ငံတွင် ယခင်ပဉ္စမအကြိမ်ထုတ်ဝေသောစာတမ်းတို မှ (၆) နိုင်ငံပါဝင်ပြီး (၂) နိုင်ငံမှာ ယခုအပတ်အတွင်း နောက်ထပ်အသစ် ရောဂါကင်းစင်လာသောနိုင်ငံဖြစ်ပါသည်။ ယခုအပတ်အတွင်း ရောဂါကင်းစင်စာရင်းဝင်သောနိုင်ငံ (၂) နိုင်ငံမှာ နယူးကယ်လီဒိုးနီးယားနှင့် ဂရီနေဒါတို့ဖြစ်ပါသည်။

[5] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**နိဂုံး**

ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှုသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နေ့စဉ်နှင့်အမျှ ပိုမို ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မျိုးရိုးဗီဇအသစ်ပြောင်းလဲမှုနှင့် မျိုးစိတ်အသစ်တစ်ခု တွေ့ရှိမှုနှင့်အတူ ကူးစက်မှုနှုန်းမြင့်တက်နေဆဲဖြစ်ပြီး ကမ္ဘာသူကမ္ဘာသားများ၏ လူမှုစီးပွားဘဝ ထိခိုက်နစ်နာမှုများ၊ ပျက်စီးဆုံးရှုံးမှုများဖြင့် ကြုံတွေ့ရလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကူးစက်ပျံ့နှံ့ ဖြစ်ပွားမှုအခြေအနေအရပ်ရပ်တို့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်မြန်မာနိုင်ငံအပါအဝင် အဖွဲ့အစည်း များစွာတို့၏ စောင့်ကြည့်လေ့လာမှုတို့ကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ COVID–19 ရောဂါ ဖြစ်ပွားမှုအခြေအနေများကို ဆက်လက်ပြုစု၍ ရေးသားထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်အေးအေးမူ (ဦးစီးအရာရှိ) နှင့် ဒေါ်မေဇင်အောင် (ဒု–ဦးစီးမှူး) တို့မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅